Karenni National Women Organization

Tel: (+66) 0 980 051 929, Email: knwocentral.org@gmail.com, P.O Box 31, Mae Hong Son 58000, Thailand.

## ကရင်နီအမျိုးသမီးအစည်းအရုံး သတ္တမအကြိမ်မြောက်ညီလာခံ ထုတ်ပြန်ကြေညာချက်

ရက်စွဲ ။ ။ ၂၀၂၄ ခုနှစ် ဇွန်လ (၁၃) ရက်

သတ္တမအကြိမ်မြောက် ကရင်နီအမျိုးသမီးအစည်းအရုံးညီလာခံကို ၂၀၂၄ ခုနှစ် ဇွန်လ (၁၁) ရက်နေ့မှ (၁၃) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ရာ ညီလာခံကိုယ်စားလှယ်အဖြစ် အဖွဲ့ဝင်များ၊ ဗဟိုကော်မတီဝင်များ၊ အကြံပေးဘုတ်အဖွဲ့ဝင်များ နှင့် လေ့လာသူများ အပါအဝင် စုစုပေါင်း (၁၇၅) ဦး တက်ရောက်ခဲ့ပါသည်။ ညီလာခံတွင် ၂၀၁၉ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ (၅) နှစ်တာ လှုပ်ရှားမှုအစီရင်ခံစာအား ပြင်ဆင်ဖြည့်စွက်ချက်များ၊ အကြံပြုချက်များနှင့်အတူ အတည်ပြုခဲ့ပြီး အစည်းအရုံး၏ ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြန်လည်သုံးသပ်ပြီး ပြင်ဆင်ဖြည့်စွက်ခဲ့ပါသည်။ ကရင်နီအမျိုးသမီးအစည်းအရုံးသည် ကရင်နီပြည်၊ ထိုင်း-ကရင်နီ နယ်စပ်တစ်လျှောက် နှင့် ဒုက္ခသည်စခန်းများတွင်နေထိုင်သော ကရင်နီအမျိုးသမီးထုများနှင့် ကလေးငယ်များအတွက် စွမ်းရည်မြှင့်တင်ရေး၊ ကာကွယ်စောင့်ရှောက်ရေး၊ တန်းတူအခွင့်အရေးနှင့် တရားမျှတမှုရရှိရေး၊ ဖူလုံသောအသက်မွေးဝမ်းကျောင်း နှင့် ငြိမ်းချမ်းသာယာသော လူမှုအသိုင်းအဝိုင်းများ ရှိစေရန် အတွက် ပံ့ပိုးမြှင့်တင်ပေးခြင်း၊ အမျိုးသမီးများ၏ ဘဝအခြေအနေမြင့်မားရေးအတွက် ပြည်တွင်းပြည်ပ စည်းရုံးလှုံ့ဆော်မှုများနှင့် အရေးပေါ်အခြေအနေတွင် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးကို စသည်တို့ကို ဦးတည်လုပ်ဆောင်သွားရန် ညီလာခံမှ လမ်းညွှန်ချမှတ်ခဲ့ပါသည်။

ညီလာခံတွင် တက်ရောက်လာသော ညီလာခံကိုယ်စားလှယ်များမှ လက်ရှိ ကရင်နီပြည် အတွင်းရှိ နိုင်ငံရေးအခြေအနေများကို ဆွေးနွေးသုံးသပ်ခဲ့ကြသည်။ ထို့ပြင် ကရင်နီပြည်ရှိ လူထုတစ်ရပ်လုံးသည် ရင်ဆိုင်ကြုံတွေ့နေရသော လူသားချင်းစာနာထောက်ထားရေး အကြပ်အတည်းများ၊ အကြမ်းဖက် စစ်တပ်မှ ကျူးလွန်လျက်ရှိသော လူ့အခွင့်အရေးချိုးဖောက်မှုများ၊ လူသားမျိုးနွယ်စုအပေါ် ကျူးလွန်သောရာဇဝတ်မှုများနှင့် စစ်ရာဇဝတ်မှုများကို ကြုံတွေ့ခံစားနေရသည့် အခြေအနေများအပြင် စစ်ပွဲများ၏ နောက်ဆက်တွဲအဖြစ် ကရင်နီအမျိုးသမီးနှင့် မိန်းကလေးများ ရင်ဆိုင်နေရသော လုံခြုံရေးဆိုင်ရာအခက်အခဲများ၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုများ၊ အမျိုးသမီးများနေ့စဉ်နှင့်အမျှ

Tel: (+66) 0 980 051 929, Email: knwocentral.org@gmail.com, P.O Box 31, Mae Hong Son 58000, Thailand.


ရင်ဆိုင်ကြုံတွေ့နေသည့် အကြမ်းဖက်မှုအခြေအနေများကို ဆွေးနွေးခဲ့သည်။ ဆက်လက်ပြီး ကရင်နီပြည်၏ နိုင်ငံရေး ကြားကာလအုပ်ချုပ်ရေးယန္တရားများနှင့် ဆုံးဖြတ်ချက်ချသည့် အဆင့်တိုင်းတွင် အမျိုးသမီးများ ပါဝင်နေမှုအခြေအနေများနှင့် ၎င်းတို့ ရင်ဆိုင်ကြုံတွေ့နေရသော စိန်ခေါ်မှုများကိုလည်း ဆွေးနွေးဖလှယ်ခဲ့ပါသည်။

ထို့နောက် အစည်းအရုံး၏ ရပ်တည်ချက်၊ မျှော်မှန်းချက်၊ ဦးတည်ချက်များနှင့်အညီ သတ္တမအကြိမ်မြောက် ညီလာခံသက်တမ်းကာလတွင် ဆက်လက်တာဝန်ထမ်းဆောင်မည့် ဗဟို ကော်မတီဝင် (၉) ဦးကို ညီလာခံကိုယ်စားလှယ်များမှ ညီလာခံ၏ ရွေးကောက်ပွဲ စည်းမျဉ်းစည်းကမ်းများအတိုင်း ရွေးကောက်တင်မြောက်နိုင်ခဲ့ပြီး၊ ဗဟိုကော်မတီဝင် (၉) ဦးထဲမှ ကရင်နီအမျိုးသမီးအစည်းအရုံး၏ဥက္ကဋ္ဌကို ဆက်လက်ရွေးကောက်တင်မြောက်ကာ ညီလာခံမှ အတည်ပြုခဲ့ပါသည်။ ညီလာခံမှ ရွေးကောက်တင်မြောက်ထားသော ဥက္ကဋ္ဌနှင့် ဗဟိုကော်မတီဝင်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| | |
|---|---|
| (၁) မော်ဖရေမြာ | ဥက္ကဋ္ဌ |
| (၂) မူရီး | ဗဟိုကော်မတီဝင် |
| (၃) ခင်ဂျူလိုင်စိုး | ဗဟိုကော်မတီဝင် |
| (၄) ငါးဖု | ဗဟိုကော်မတီဝင် |
| (၅) နော်စားလေ | ဗဟိုကော်မတီဝင် |
| (၆) မော်ဘျားမာဦး | ဗဟိုကော်မတီဝင် |
| (၇) နော်ဇာဟူး | ဗဟိုကော်မတီဝင် |
| (၈) မော်နိုမယ် | ဗဟိုကော်မတီဝင် |
| (၉) နော်အယ်ယွာစေး | ဗဟိုကော်မတီဝင် |

Karenni National Women Organization
Tel: (+66) 0 980 051 929, Email: knwocentral.org@gmail.com, P.O Box 31, Mae Hong Son 58000, Thailand.

ကရင်နီအမျိုးသမီးနှင့် မိန်းကလေးများသည် ကိုယ်ပိုင်ရွေးချယ်ခွင့်နှင့်အတူ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများတွင် တန်းတူအခွင့်အရေးအပြည့်အဝခံစားရရှိပြီး အကြမ်းဖက်မှုများမှ လွတ်မြောက်ခြင်းရှိစေရမည်ဟူသော အစည်းအရုံး၏ မျှော်မှန်းချက်နှင့်အညီ လက်တွေ့အကောင်အထည်ဖော်ဆောင်လျက်ရှိပါသည်။ ကရင်နီအမျိုးသမီးထု၏ ဘဝအတွေ့အကြုံနှင့် ဖြတ်သန်းမှုများသည် ခုခံတော်လှန်ရေး၏ အဓိကကျသည့်အခန်းကဏ္ဍတွင်ရှိသည်ဟု မိမိတို့အစည်းအရုံးမှ ယုံကြည်သည်။ ထို့ကြောင့် ***"ကရင်နီအမျိုးသမီးထု မလွတ်မြောက်သရွေ့ ကရင်နီလူထု မလွတ်မြောက်နိုင်ပေ၊ အမျိုးသမီးထု မလွတ်မြောက်သရွေ့ တနိုင်ငံလုံးရှိ အဖိနှိပ်ခံလူထုမလွတ်မြောက်နိုင်ပေ"*** ဟူသည့် ယုံကြည်ချက်ကို မြဲမြဲစွဲကိုင်ကာ ဖယ်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်နိုင်ရေးအတွက် စစ်အာဏာရှင်စနစ်နှင့် အတူ ကျားပဓာနပြုစနစ် (ပထရေအာခီ) ကိုပါ ခုခံတော်လှန်လျက် အမြစ်ဖြတ်ချေမှုန်းသွားမည်ဟု ထုတ်ပြန်ကြေညာအပ်ပါသည်။

ဆက်သွယ်ရန်

မော်ဖရေမြာ + (၆၆) ၉၆၄၀ ၁၀ ၈၃၈

မူရီး + (၆၆) ၉၃ ၂၆၀ ၀၁၅